2020

၌ ကျွန်ုပ်တို့အား ထည့်သွင်း ရေတွက်ပါရန်

ထည့်သွင်းရေတွက်ခံရခြင်း အားဖြင့် စုပေါင်းစွမ်းအား

အာရှ အမေရိကန်များ
တရားမျှတမှု မြင့်တင်ရေး

COUNTUSIN2020.ORG

# သန်းခေါင်စာရင်း 101

10 နှစ်ကြာတိုင်းတစ်ကြိမ် အမေရိကန်ပြည်ထောင်စု အစိုးရသည် သန်းခေါင်စာရင်းမှတဆင့် အမေရိကန်ပြည်ထောင်စု၌ နေထိုင်သူ *တစ်ဦးတစ်ယောက်စီတိုင်းကို* ရေတွက်သည်။ သန်းခေါင်စာရင်းဆိုသည်မှာ သင်၏ အိမ်ထောင်စုနှင့်ပတ်သက်သော အခြေခံ အချက်အလက်များ၊ နှင့် ၎င်းတွင် နေထိုင်သော ပုဂ္ဂိုလ်များတို့နှင့်ပတ်သက်ပြီး မေးမြန်းသော မေးခွန်းတို မေးခွန်းလွှာတစ်ခုဖြစ်သည်။ သင်၏ တစ်ကိုယ်ရေ တုံ့ပြန်ဖြေကြားချက်များအား လျှို့ဝှက်စောင့်ထိန်းမှုပြုမည် ဖြစ်သည်။

နောက်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ခံမှုအား **မတ်လ 2020** တွင် စတင်မည်ဖြစ်သည်။ သင်၏ အရင်းအမြစ်များ ခွဲတမ်းရရှိမှု နှင့် ကိုယ်စားပြုမှုတို့ မျှတစွာ ထည့်သွင်းရေတွက်ခံရကြောင်း သေချာစေရန်ဗှာ ဆောင်ရွက်ပါ။

## သန်းခေါင်စာရင်း၌ ထည့်သွင်းရေတွက်ခံရခြင်းသည် သင် နှင့် သင့်မိသားစုအတွက် အထောက်အကူဖြစ်စေနိုင်သည်။

- စာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ အစားအသောက်ဝယ်ယူခွင့် အစီအစဉ် နှင့် ကျန်းမာရေးစောင့်ရှောက်မှု အစရှိသည်တို့ကဲ့သို့သော အရေးကြီးသည့် ဝန်ဆောင်မှုများအတွက် အစိုးရ ရန်ပုံငွေ **ဒေါ်လာ $1.5 ထရီလီယံ** အပေါ် ခွဲဝေမှုပြုရန်အတွက်ဗှာ သန်းခေါင်စာရင်းမှ ရရှိသော ဒေတာအချက်အလက်များကို အသုံးပြုသည်။
- ထို့ပြင် လွှတ်တော်ကွန်ဂရက်အတွင်း၊ သင်၏ ပြည်နယ် လွှတ်တော်အဆောက်အအုံအတွင်း နှင့် နိုင်ငံတစ်ဝှမ်းရှိ မြို့ကြီးများ နှင့် မြို့နယ်များအတွင်း နိုင်ငံရေးဆိုင်ရာ ကိုယ်စားပြုမှုအား ခွဲဝေရန်အတွက်လည်း သန်းခေါင်စာရင်းမှရရှိသော ဒေတာအချက်အလက်များကို အသုံးပြုသည်၊ အလုံးစုံပါဝင်သော ရေတွက်မှုသည် သင်၏ ရပ်ရွာအဖွဲ့အစည်းအတွက် မျှတသော ကိုယ်စားပြုမှုကို အဓိပ္ပါယ်ဆိုလိုခြင်း ဖြစ်သည်။

## သန်းခေါင်စာရင်းသို့ သင်၏ တုံ့ပြန်ဖြေကြားချက်များအား လျှို့ဝှက်ထိန်းသိမ်းထားမည်ဖြစ်သည်။

သန်းခေါင်စာရင်းသည် နိုင်ငံသားဖြစ်မှု သို့မဟုတ် ရွှေ့ပြောင်းနေထိုင်မှု အခြေအနေတို့နှင့်ပတ်သက်သည်များကို မေးမြန်းမည်မဟုတ်ပေ။ သန်းခေါင်စာရင်း ဗျူရိုသည် သင်၏ တစ်ဦးချင်းစီ အချက်အလက်များအား အခြားသော အစိုးရအေဂျင်စီများ၊ လူဝင်မှုကြီးကြပ်ရေး အရာရှိများ သို့မဟုတ် အများပြည်သူ အစရှိသည်တို့ ထံသို့ မျှဝေခွင့် မရှိပေ။ သင်၏ တုံ့ပြန်ဖြေကြားချက်များ မျှဝေခံရခြင်း မရှိစေရန်ဗှာ ခိုင်မာသော ဥပဒေများဖြင့် အကာအကွယ်ပေးထားသည်။ သန်းခေါင်စာရင်း တုံ့ပြန်ဖြေကြားချက်များအား ကိန်းဂဏန်းဆိုင်ရာ ရည်ရွယ်ချက်များအတွက်သာလျှင် အသုံးပြုနိုင်သည်။

## သန်းခေါင်စာရင်းသို့ တုံ့ပြန်ဖြေကြားခြင်းများသည် လျှင်မြန်ပြီး၊ ရိုးရှင်းသည်။

- **သင့်အနေနှင့် အွန်လိုင်းပေါ်တွင် တုံ့ပြန်ဖြေကြားပေးနိုင်ပါသည်။** သန်းခေါင်စာရင်း ဗျူရိုသည် သင့်ထံသို့ ညွှန်ကြားချက်များအား **2020 မတ်လ-အလယ်ပိုင်း** လောက်တွင် ပေးပို့မည် ဖြစ်သည်။ တရားဝင် သန်းခေါင်စာရင်း ဝက်ဘ်ဆိုဒ်သို့ သွားရောက်ကာ သင်၏ အိမ်ထောင်စု ID အား ထည့်သွင်းပါ၊ ထို့နောက် မေးခွန်းများအား ဖြေကြားပါ။
- **သင့်အနေနှင့် ဖုန်းမှတဆင့် တုံ့ပြန်ဖြေကြားပေးနိုင်ပါသည်။** ဖုန်းမှတဆင့် သန်းခေါင်စာရင်းအား ဖြေကြားရန်အတွက် သန်းခေါင်စာရင်း ဗျူရိုသို့ ဖုန်းခေါ်ဆိုပြီး၊ သန်းခေါင်းစာရင်းနှင့်ပတ်သက်သော မေးခွန်းများအား တောင်းဆိုပါ။
- အကယ်၍ သန်းခေါင်စာရင်းအား အွန်လိုင်းပေါ်တွင် သို့မဟုတ် ဖုန်းမှတဆင့် သင် တုံ့ပြန်ဖြေကြားပေးခြင်း မပြုလျှင် သန်းခေါင်စာရင်း ဗျူရိုသည် သင့်ထံသို့ **စာရွက်စာတမ်း မေးခွန်းလွှာအား** စာတိုက်မှတဆင့် ပေးပို့ပေးမည် ဖြစ်သည်။

အကယ်၍ သင် တုံ့ပြန်ဖြေကြားပေးခြင်း မပြုလျှင် 2020 မေလမှ စတင်ပြီး သန်းခေါင်စာရင်း ဝန်ထမ်းတစ်ဦးသည် သင့်နေအိမ်သို့ လာရောက်ကာ အချက်အလက်များအား လူကိုယ်တိုင် မေးမြန်းကောင်း မေးမြန်းမည်ဖြစ်သည်။ ဇွန်လ 2020 အထိ အွန်လိုင်းပေါ်တွင် သို့မဟုတ် ဖုန်းမှတဆင့် သင် တုံ့ပြန်ဖြေကြားပေးနိုင်ဆဲ ဖြစ်သည်။

## အချို့သော ဘာသာစကားများအတွက် ဘာသာစကား ပံ့ပိုးထောက်ပံ့မှုအား ရရှိနိုင်ပါသည်။

အွန်လိုင်း မေးခွန်းလွှာ နှင့် တယ်လီဖုန်း ကူညီထောက်ပံ့မှုတို့အား စပိန်၊ ဗီယက်နမ်၊ ကိုရီးယား၊ ရုရှား၊ အာရေဗြ၊ တက်ဂလော့ဂ်၊ ပိုလန်၊ ပြင်သစ်၊ ဟိုင်ရှန် ခရီအိုးလ်၊ ပေါ်တူဂီ၊ နှင့် ဂျပန် ဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။ သန်းခေါင်စာရင်းဗျူရိုသည် ဘာသာရပ်ဆိုင်ရာ ဝေါဟာရစကားလုံးများ၊ ဘာသာစကား အထောက်အထား ကတ်များ နှင့် ဘာသာစကား လမ်းညွှန်များတို့အား အင်္ဂလိပ်ဘာသာစကားမဟုတ်သည့် အခြားသော ဘာသာစကား 59 မျိုးဖြင့် ထုတ်လုပ်ပေးနေလျက် ရှိပြီး၊ ၎င်းတို့အား www.2020census.gov တွင် စုစည်းဖော်ပြထားပါသည်။

*သန်းခေါင်စာရင်းနှင့်ပတ်သက်ပြီး နောက်ထပ်သော အချက်အလက်များအား www.countusin2020.org/resources တွင် သင် တွေ့ရှိနိုင်ပါသည်။*